ဂျာနယ်၊ မဂ္ဂဇင်းများမှာလဲ ဆောင်းပါး၊ မေးမြန်းလုပ်ရေးထားတာတွေဟာ ပျောက်ကွယ်သွားတတ်တယ်။ ဒီလို စာအုပ်ထုတ်တာဆိုတော့ စုစည်းမှုရတာပေါ့။ သမိုင်းမှာ ပြန်ပြီးရှာဖွေချင်သူတွေအတွက် ကောင်းတာပေါ့။ လေ့လာမှတ်သားချင်တဲ့ သူတွေသာမကဘဲ အများပြည်သူတွေအတွက်လဲ အများကြီးအထောက်အကူပြုရတာ ကောင်းပါတယ်။

——— ဦးဝင်းတင်(သတင်းစာဆရာကြီး)

ခြုံပြီးပြောရရင် Current Issues တွေကို ကိုယ်စားပြုထားတယ်။ အမေးရော အဖြေရောက စိတ်ဝင်စားစရာကောင်းတယ်။ အနာဂတ်ဖြစ်လာမယ့် နိုင်ငံရေးပုံသဏ္ဌာန်ကိုလည်း စပ်ရေးရေးမက ပုံဖော်နိုင်အောင် ဖြေထားတာတွေ့ရတယ်။ အမေးကောင်းသလို အဖြေကလဲ ပါးနပ်ပေမယ့် ရိုးသားတာတွေ့ရတယ်။

——— ဒေါက်တာနေဝင်းလတ်(နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေး)

ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်တာဗျူးမေးမြန်းခန်းမှာပါတဲ့ အချက်တွေအရ ယေဘုယျပြောရရင် ကျွန်တော်တော့ထင်ကျတယ်။ အင်န်အယ်ဒီပါတီအနေနဲ့ တရားဝင်နိုင်ငံရေးပါတီမှတ်ပုံတင်ဖို့ ပြောခဲ့တာကို ပိုပြီးသဘောကျတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့တွေက ဒီပါတီကို အစကတည်းက တရားဝင်ပါတီအဖြစ်နဲ့ ရှိစေချင်လို့ပါ။

——— ဦးကျော်ဝင်း(စာရေးဆရာ)

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံအပေါ်ထားရှိတဲ့ သဘောထားကို ထင်ထင်ရှားရှား မြင်တွေ့ရတာပါ။ အဲဒါက ဘာလဲဆိုတော့ နိုင်ငံ့ကောင်းကျိုးကို နောင်လဲလုပ်မယ်၊ အခုလဲလုပ်မယ်ဆိုတာကို ပြောတာပါ။

——— ဦးခင်မောင်ဆွေ(အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၏ ပြောရေးဆိုခွင့်ရှိသူ)

လွန်ခဲ့တဲ့ နှစ် ၂၀ကဆိုရင် ဒေါ်စုရဲ့ဆောင်းပါး၊ အင်တာဗျူးတွေကို ဖော်ပြခွင့်မရခဲ့ကြပါဘူး။ ဒီလို ဖော်ပြခွင့်ရလာတာဟာ ပြောင်းလဲမှုတွေရဲ့ အထောက်အထားတစ်ခုဖြစ်တယ်ဆိုတာ ပြောချင်ပါတယ်။

——— ဦးသိန်းညွန့်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

ပါတီမှတ်ပုံတင်ပြီး ပါလီမန်လွှတ်တော်နိုင်ငံရေးတွေထဲ ဝင်ပါလာဖို့လဲ လမ်းစရောက်နေပြီလို့ မြင်တယ်။

——— ဒေါက်တာအေးမောင်(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

ဒီအင်တာဗျူးကို အန်ကယ်တို့က နိုင်ငံရေးရှုထောင့်အရ ဖတ်ရှုရတဲ့အတွက် သတင်းကောင်းတွေ ရတာလဲ ရှိပါတယ်။

——— ဦးသွန်းရီ(တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ပြောရေးဆိုခွင့်ရှိသူ)

